


ဘာသာပြန် စာရေးဆရာ - S.M

# ကျင့်ကြံခြင်းကမ္ဘာမှ အင်တာနက်ကဖေးဝနစ်

(ဖန့်ချီ)

(Chapter 60 - 73)

စာစဉ် -၅

## အပိုင်း-(60)

ဒီနေ့တွင်  ဖန့်ချီက သူ၏ ဂိမ်းကို မကစားဖြစ်ပေ။ ထိုအစား.. သူ၏ လက်ထဲတွင် အနုစိတ်သည့် စာအုပ်တစ်အုပ်ကို ကိုင်ထားပေသည်။

ပထမဆုံး စာမျက်နှာတွင် သင့်တင်သော လက်ရေးဖြင့် ရေးသားထားသည်က-

"ဒီအားဘလို: အတွဲတစ်.."

သူ၏ ရှေ့တွင်ရှိသည့် လွပေသာ မျက်နှာလေးကို သူက မော့ကြည့်လိုက်သည်။

ရှန်းချင်းချင်း က သူမ၏ လက်လေးများကို နောက်ဘက်ကို ပစ်ထားပြီး ဖန့်ချီအနီးကို ကပ်ကာ မျှော်လင့်စောင့်စား စွာဖြင့်ပြောလိုက်သည်။

"ကြည့်,ကြည့်ပါဦး... "

ဖန့်ချီ က ခေါင်းငြိမ့်ကာ သူက ပထမ စာမျက်နှာ ကိုလှန်လိုက်သည်။ စာရေးသူသည် သူ၏ နှလုံးသားကို ထိုအပေါ်နှစ်ထားရမည်ဟု သူပြောခဲ့သည်။ ဒါက ပထမဆုံး စာမူကြမ်းပင် ဖြစ်သော်လည်း သေသပ်ကာ ဖတ်ရအဆင်ပြေပေသည်။

ရှန်းချင်းချင်း က စာပေအနုပညာ နှင့် သိုင်းပညာတွင် အရည်အချင်း ရှိသည်ဟု ရှစီရှင်း ဆိုတာက မှန်ပေသည်။ ထို့အပြင် ဖန့်ချီ က ပါလားဒန် ကို ရွေးချယ်ပေးကာ ရှန်းချင်းချင်း ကလည်း ဒါကိုပဲ ရွေးချယ်ခဲ့သည်။ ထို့ကြောင့်ပင် သူမက ပထမတွဲ  တွင် ပါလားဒန် ကို အဓိကဇာတ်ကောင်

အဖြစ်သုံးခဲ့ပေသည်။

ဖန့်ချီ၏ အရင်ကမ်ဘာတွင် ဒီအားဘလိုနှစ် ထွက်လာသည့် အချိန်က လည်း ထို ဇာတ်ကြောင်း နှင့် ဂိမ်းမှာ လက်ဖျားခါလောက်အောင်ပင် အံ့သြဖွယ် ကောင်းတာကို သိလိုက်ကြရသည်။

ထို့နောက် အွန်လိုင်းစာပေများတွင် စတင်၍ လူကြိုက်များလာပြီးနောက် စာရေးသူများစွာက သည် ဒီအားဘလို နှင့်သက်ဆိုင်သော စာအုပ်များကို ရေးသားထုတ်ဝေရန် ဆုံးဖြတ်ခဲ့ကြသည်။

ထို့ကြောင့် ဖန့်ချီ က ရှန်းချင်းချင်း ဆီက တရားဝင်ဝတ္ထု ၏ စာမူကြမ်းကို လက်ခံမိချိန်က သူ၏ အမူအရာက အနည်းငယ် ပြောင်းသွားသည်။

...

ထိုအချိန်တွင်… အင်တာနက်ကဖေးဆိုင် တွင်ကား ဖောက်သည်များ ပြည့်နေခဲ့သည်။ နလန်ဟုန်ဝူ၊ အန်းချန် ၊ စွန်းချင်းဖန် နှင့် အခြားသူများ က အန်ဒါဒီရယ် ၏ ပုန်းခိုရာနေရာ သို့ရောက်ရန် ကြိုးစားနေကြသည်။

သူတို့က လမ်းတစ်လျှောက်တွင် အမျိုးမျိုးသော မွန်းစတားတွေနဲ့ ရင်ဆိုင်တိုက်ခိုက်ခဲ့ကြရသည်။ ရေခဲပေါက်ကွဲမှု ၊ စုန်းမများ၏ အင်ဖာနို ၊ အရည်ပျော် ကျောက်တုံး နှင့် ဒရူးဝတ် ၏ မီးတောင်တို့သည် မျက်မြင်ကိုယ်တွေ့မြင်ကွင်းများမှာ အလွန်ပင် အံ့သြဘနန်း ဖြစ်ရပေသည်။

"ကောင်စုတ်လေးတွေ သတိထားပါ..၊ မင်းတို့ကို ချောင်းမြောင်းတိုက်မယ်ဆို ငါမကာကွယ်ပေးနိုင်ဘူးဟ.. "

နလန်ဟုန်ဝူ နှင့် အကြီးအကဲ ဖူ တို့က ဒိုင်းများကို ကိုင်ထားကာ သူတို့နောက်မှ လူများကို ပြောလိုက်သည်။

အန်ဒါဒီရယ် ၏ အသိုက်နဲ့ နီးလေလေ…, အလွန်သန်မာသည့် မွန်းစတား

များနဲ့ တွေ့ရလေလေ ဖြစ်လာသည်။

ထို့အပြင်... သူတို့ရောက်နေသည်က မြေအောက်တွင် ဖြစ်ကာ နေရာတော်တော်များများတွင် အလင်းမရှိခဲ့ချေ။ ထို့ကြောင့်သူတို့သည် မတော်တဆ မွန်းစတားများ ၏ သားကောင်များ အဖြစ် အဆက်မပြတ် တိုက်ခိုက်ခံခဲ့ရသည်။

သူတို့၏ လက်ရှိအဆင့်များနှင့် သူတို့က အခုအချိန် တွင် မတော်တဆ အန်ဒါဒီရယ် နဲ့ တွေ့ခဲ့လျှင် သူတို့ကား ရှင်သန်ရန် အခွင့်အရေး မရှိသေးချေ။

သူတို့က ဖွဲ့စည်းပုံ မှာ တိုးတက်လာသော်လည်း နလန်ဟုန်ဝူ က ရုတ်တရက် သူ၏ ခြေရာခံတာကို ရပ်လိုက်သည်။

သူက အသေအချာ နားထောင်ကြည့်ရာ သူတို့၏ အရှေ့ရှိ အမှောင်ထုထဲမှ ထူးဆန်းကာ တိုးလျသည့် အသံတစ်သံ ထွက်လာသည်ကို ကြားလိုက်ရသည်။

ထိုအသံကား သားရဲတစ်ကောင်၏ အိပ်ပျော်သံ နှင့်တူပေသည်။

မကြာမှီ...သူတို့ ဆီကို ဂျိုများနဲ့ မွန်းစတားအုပ်ကြီးက တဟုန်ထိုး ပြေးဝင်လာသည်ကို မြင်လိုက်ရသည်။

"တိန်းတက်..."

[TL Note:ရွတ်တွနေသော အသားအရေ၊ ကြီးမားသောခေါင်း နှင့်ခါးကုန်းကုန်း သဏ္ဍာန်ရှိကာ ခေါင်းတွင် ကြီးမားသည့် ကျွဲကဲ့သို့ ဦးချို ကြီး နှစ်ချောင်းပါရှိပေသည်။]

"ပြန်ဆုတ်ကြ...သူတို့က ထပ်ပြီး လာနိုင်သေးတယ်..."

သူတို့၏ အမူအရာ ကား မည်းမှောင်သွားသည်။

ထိုမွန်းစတား များမှာ အမြဲလိုလို အုပ်စုလိုက် ပေါ်လာလေ့ရှိသည်။ သူတို့ကား သန်မာခြင်း မရှိသော်လည်း သူတို့က မိုးကြိုးလုံးများကို မှုတ်ထုတ်နိုင်ပေသည်။ ကစားသမား များ အနေဖြင့် သူတို့ထံမှ သေရန် အနီးကပ်တိုက်ခိုက်မှု လုပ်ရန်မလိုချေ။

ရုတ်တရက်... လျှပ်စီးတန်းများက အမှောင်ထဲမှ တောက်ပလာသည်။

နလန်ဟုန်ဂူ နှင့် အကြီးအကဲ ဖူ က အလျင်အမြန် တုန့်ပြန်လိုက်သည်။ သူတို့က ကြီးမားသည့် လျှပ်စီးလုံးများ ကို လှိမ့်ကာ သူတို့က အခန်းထဲက နေ ရှောင်တိမ်းနေရသည်။ သူတို့၏ ဒိုင်းများကို မြှောက်ကာ ကာလိုက်ပြီး အော်လိုက်သည်။

"တံခါးတွေကို ပိတ်လိုက်, တံခါးတွေကို ပိတ်လိုက်...."

သူတို့နှစ်ယောက် ဆုတ်ခွာသည်ကို မြင်သည့်အခါ ပီချဲက ဝင်ပေါက်ဆီကို အရည်ပျော်ကျောက်တုံး များကို ပစ်ချလိုက်သည်။

ဒရူးဝတ် များက ဒြပ်စင်များ၏ စွမ်းရည်ကို ကျွမ်းကျင်သဖြင့် ဂိမ်း၏ အစောပိုင်း အခြေအနေတွင် သူတို့က စွမ်းအားကြီးမား ပေသည်။

"ရေခဲပေါက်ကွဲမှု... "

"ညီအစ်ကို ပီ, မီးတောင်ပေါက် တာကိုသုံး.."

"တိန်းတက် နှစ်ကောင်က တရကြမ်းဝင်လာပြီ..."

"ဖူ ရေ...ငါကို မြင့်မြတ်တဲ့ မီးကို သုံးပြီး သူတို့ကို သတ်စမ်း..."

နလန်ဟုန်ဂူ က သူ၏ ကောင်းချီးပေးသည့်တူ ကို သုံးကာ သူ၏ ရှေ့ရှိ တိန်းတက် ကို ရည်ရွယ်လိုက်ကာ အော်ဟစ်လိုက်သည်။

...

သူတို့၏ ပြင်းထန်တဲ့ တိုက်ပွဲ နှင့် မတူညီစွာ...အခြားတစ်ဖက်တွင်တော့

အင်တာနက်ကဖေးဆိုင် ကား တိတ်ဆိတ်နေပေသည်။

ဖန့်ချီ က သူ၏ စပရိုက်ကို မော့လိုက်ပြီး ရှန်းချင်းချင်း ၏ `ဒီအားဘလို အတွဲတစ်´ကို ဖတ်နေပေသည်။

"ဒါက ဝမ်ဒရာ(ဂိမ်းဇာတ်ကောင်) ပဲ...ဟုတ်တယ် ဒါက.. ဝမ်ဒရာ ပဲ..."

"ငါ့ရဲ့ နေ့ရက်တွေက ရှိစီးတီးဒယ် မှာ အကြာကြီးနေ,နေရသလိုပဲ.."

"...."

ဖန့်ချီကား ထိုစာသားများကို မြင်သည့်အခါ ပျော်ရွှင်သွားသည်။ ဂိမ်း၏ ရုပ်ပိုင်းကာတွန်း အစတွင် မေးရီးယပ် ပြောသည့်ခါက သူတို့၏ မှတ်ဥာဏ်ထဲတွင် အမှောင် ဝမ်ဒရာ ကို စွဲနေခဲ့ပေသည်။

ရှန်းချင်းချင်း ၏ စာရေးမှု သည် သူမဂိမ်း၏ မူလဇာတ်လမ်းကို လေးစားသောကြောင့် ချဲ့ကားပြောဆိုပြီး ရေးခဲ့ခြင်း မရှိခဲ့ပါချေ။ ဖန့်ချီက ဖတ်ကြည့်သည့်အခါ ဇာတ်လမ်းကို ဝီရိယ ရှိရှိ တည်ဆောကိနေကာ ကောင်းကောင်းစီမံနေသည်ဟု ခံစားရပေသည်။ သူမက ရုပ်ရှင်တွေ နှင့် ဂိမ်းတွေ၏ ရုပ်မြင်သံကြား များလို မလိုအပ်သည့် သိုင်းပညာများကို တရားဝင် ဝတ္ထုထဲ မထည့်ထားပေ။

သူမ၏ မြင်ကွင်းများနှင့် ဇာတ်ကောင်များ ၏ဖော်ပြချက်သည် ဖန့်ချီ ထင်ထားသည်ထက် ပို၍ စေ့စပ်သေချာပေသည်။ သူကိုယ်တိုင်ပင် ပြည့်စုံသည့် ဝတ္ထု၏ လေထုထဲတွင် မိမိကိုယ်မိမိ နှစ်မြှုပ်နိုင်ပေသည်။

တစ်ချိန်က သာယာဝပြောကာ၊ ခမ်းနားထည်ဝါခဲ့သည့် ရှိစီးတီးဒယ် ဟာ အခုတော့စခန်းချရာ တစ်ခုထက်မပိုပေ။ မရေမတွက်နိုင်သည့် စွန့်စားမှုများသည် ရေခဲမိုး ငိုပင် ခံနိုင်ရည်ရှိစေကာ မှောင်မိုက်ကာ စုတ်ပြတ်သည့် စခန်းမှ လမ်းများပေါ်ကို ဖြတ်လျှောက်စေခဲ့သည်။

ရေးသားခြင်းပုံစံကို ခြုံငုံ ပြောရလျှင် ဝတ္ထုကား မှောင်ပေသည်(သတ်တာဖြတ်တာ ပြောတာပါ) ။ စာဖတ်သူ အနေဖြင့် ဖန့်ချီ ပြောနိုင်တာက ဒီအရာကား ဒီအားဘလို အစစ်ဖြစ်ပေသည်။

" မိန်းကလေးတွေက ယောကျာ်းလေးတွေထက် ပိုအသေးစိတ်တာပါလား..."

ဖန့်ချီကား ဝတ္ထုကို ကိုင်ထားကာ ဆက်ဖတ်နေလိုက်သည်။

ရှစီရှင်း နှင့် ရှန်းချင်းချင်း တို့ကား ဂုဏ်သရေရှိ မိသားစုများမှ ဖြစ်သော်လည်း အခုချိန်တွင်တော့ သူမလေးတို့မှာ ဖန့်ချီ ဖတ်တာ မပြီးမခြင်း စကားမပြောရဲဘဲ ထိုင်ကာ စောင့်နေရသည်။

...

"ငါတို့က အခု လေးထပ်က မြေအောက်လှိုဏ်ခေါင်း တွေအပေါ်မှာပဲ..."

နလန်ဟုန်ဂူ၊ အန်းချန်နှင့် အခြားလူများ ရောက်လာချိန်တွင် သူတို့က နတ်ဆိုး စွမ်းအင်များက သူတို့ဆီကို ဖိနှိပ်လိုတာကို ရှင်းလင်းစွာ ခံစားလိုက်ရသည်။

"ဂရုစိုက်..."

နလန်ဟုန်ဂူ ၏ မသိစိတ်က ဒီနေရာတွင် ဒီဇရိယာ၏ အသန်မာဆုံး မိစ္ဆာ အန်ဒါဒီရယ် က ဒီနက်ရှိုင်းတဲ့ အဆင့်မှာ နေထိုင်ကြောင်း သူ့ကို ပြောပြနေသည်။

ထိုအတွေးက သူ၏စိတ်များ လှုပ်ရှား နေတာကို ထိန်းချုပ်နိုင်ခဲ့သည်။

"ဇာတ်လမ်း အရတော့...ဒါက အခန်းကြီး 1 ရဲ့ နောက်ဆုံး တိုက်ပွဲ ဖြစ်မှာပဲ...."

အန်းချန် က သူ၏ လက်ထဲမှ နှင်တံကို လှည့်ကာ ကစားလိုက်ကာ

ရယ်မောလိုက်သည်။

"ငါတို့ ဒီကမ္ဘာကြီးကို ကယ်တင်လိုက်ရအောင်..."

"အနာဂတ်မှာ.. ငါတို့က ကမ္ဘာကြီးကို တစ်ခါကယ်တင်ခဲ့တယ်လို့ တခြားလူတွေကို ပြောရတယ်ကွ.."

ပီချဲကလည်း ရယ်မောလိုက်သည်။

"ဒါကို ကြားရတာ မမိုက်ဘူးလားကွ...."

"အဲဒါကို ထားလိုက်ရင်တောင်..,အနည်းဆုံး ငါတို့ မြို့တစ်မြို့ကို ကယ်တင်နိုင်ခဲ့တာပဲ..."

အိုးယန်ချန် က လှောင်ပြောင်သလို ရယ်မောလိုက်သည်။

"ငါတို့တွေ အခန်းကြီး 1ကို အဆုံးသတ်ဖို့က ဟုတ်ပါပြီ... ။ဒါပေမယ့် ဒီမိစ္ဆာတွေ အားလုံးက ဘယ်ကနေ ထွက်လာတာလဲ ဆိုတာ ငါတော့ မတွေးတက်တော့ဘူး..."

"ငါတို့ရဲ့ ကြီးမြတ်တဲ့ စွန့်စားခန်း တွေအကြောင်းကို တစ်ယောက်ယောက်က ဝတ္ထုတစ်ပုဒ်ရေးသင့်တယ်လို့ ငါတော့ ထင်တယ်..."

အန်းချန်က ရယ်မောလိုက်သည်။

"ငါတို့ ပြီးရင် ဆက်ဆော့ဖို့ အခန်းကြီး 2 ရှိသေးတယ်လို့ ငါကြားတယ်...
"

"ဒါက ပွင့်သွားပြီ...၊ အထဲဝင်ကြရအောင်..."

နလန်ဟုန်ဂူ က ပျက်ဆီးနေသည့် အဆင့်လေးဆင့် တံခါးက လေးလံစွာ ဖြေးဖြေးခြင်း ဖွင့်ကာ ပြောလိုက်သည်။

နမိတ်မကောင်းသည့် ခံစားချက်က သူတို့၏ ကျောရိုးများ တစ်လျောက် တွားသွကာ ကြောက်ရွံ့စွာ တက်လာသည်ဟု ခံစားရသည်။ ကစားသမား

များ အားလုံးက ထိုကဲ့သို့ မတူညီသည့် အမူအရာများက ကုတ်တွယ်သွား ပေသည်။

အုပ်စု ၏ နောက်ဆုံးတွင် လျှောက်နေသည့် အိုးယန်ချန်က ရုတ်တရက် မေးလိုက်သည်။

"ငါတို့ကသာ အခန်းကြီး 1 ရဲ့ နောက်ဆုံး ခေါင်းဆောင်ကြီး ကိုသာ သတ်နိုင်ရင် ငါတို့က ဘယ်လို ပစ္စည်းမျိုးရမှာလဲဟင်..."

"အခုအချိန်မှာ ဒီလို လက်နက်အကြောင်းတွေကို ပြောဖို့ အချိန်မတန်သေးဘူး.."

အန်းချန် က အိုးယန်ချန် ၏ တင်ပါးကို ကန်လိုက်ကာ-

"မင်းမှာ ကိုယ်ကျင့်တရားကောင်းတာလေး အချို့ တောင်မရှိဘူးလား.." ပြုံး၍ ပြောလိုက်သည်။

"ငါ့ရဲ့ ကိုယ်ကျင့်တရားကို အဝါရောင် ပစ္စည်း တစ်ခုအတွက် ဘာကြောင့် မလဲရမှာလဲ..."

"သွားစမ်းပါ... "

အခြားသူများက သူတို့၏ လဲလှယ်မှု အကြောင်းကို ကြားသည့်အခါ ရယ်မောလိုက်သည်။

နက်ရှိုင်းကာ ကြမ်းတမ်းသည့် အော်သံက ရုတ်တရက် နက်ရှိုင်းသည့် အမှောင်ထုထဲမှ ပဲ့တင်ထပ်ကာ ထွက်လာခဲ့သည်။

အောက်ခြေရှိ အရာအားလုံး ထက် နတ်ဆိုးဆန်သည့် အန်ဒါဒီရယ်,

အသန်မာဆုံး နတ်ဆိုးမကြီး အန်ဒါဒီရယ်... သူမကား နိုးထလာခဲ့သည်။

"အားဖြည့်ထားကြ..."

အကြီးအကဲဖူက သူ၏ လက်များကို ဓားရှက်ပြားကြီးကို ခိုင်မာစွာကိုင်

ကာ အော်ဟစ်လိုက်သည်။

"ဟုတ်တယ်..."

"အဲ့ဒါကြီးကို သတ်လိုက်ကြစို့..."

"ကောင်းချီး ရည်ရွယ်ချက်ကို သုံး..."

"နေရာယူထားပါ...မင်းရဲ့ နေရာ ယူပြီး သေချာစောင့်ကြည့်ထား..."

"မွန်းစတားလေးတွေကို အရင်ဆုံးသတ်..."

"အဆိပ်နိုဗာ...မင်းရဲ့ ဝံပုလွေ တွေကို သုံး..၊ ပြီးရင် ပြန်ဆုတ်၊နားပြီး မင်းရဲ့ ဆေးရည်ကို သောက်ထား..."

"စုန်းကဝေမ တွေကို တိုက်ခိုက်တာကနေ တားဆီးကြ....

...

"ဒါက မဆိုးပါဘူး... "

ဖန့်ချီ က သူ၏ထိုင်ခုံမှ ထကာ အန်ဒါဒီရယ်ကို သတ်ရန် ကြိုးစားကာ၊ အကုန်လုံး တစ်ယောက်မကျန် ဝိုင်းရံကာ အော်ဟစ်နေသည့် အန်းချန် နှင့် အခြားသူများ ကို ကြည့်ကာ ,ရုတ်တရက် သူက အတိတ်ကို လွမ်းဆွတ်သလို ခံစားနေရသည်။

ဒီအရာက သူနဲ့ သူ၏သူငယ်ချင်းများ စတင်ကာ အတူတကွ ဂိမ်းဆော့သည့် အချိန်တုန်းကနဲ့ တူလှပေသည်။

ဒီအရာတွေက ဖြစ်ပျက်တာ ကြာနေပြီ ဖြစ်သော်လည်း... မနေ့တနေ့က လိုပင် ခံစားနေရသည်။

သူက အသက်ကို ပြင်းပြင်းရှူကာ အန်းချန် နှင့် အခြားသူများကို ညွှန်ပြလိုက်သည်။

"တစ်ကယ်လို့ မင်းအနေနဲ့ ဒီလိုမျိုး တချို့သော အူလှိုက်သည်းလှိုက် အမူအရာတွေကို ဝတ္ထုထဲ ပေါင်းထည့်လိုက်မယ်ဆိုရင် ပိုကောင်းသွားလိမ့်မယ်..."

ဖန့်ချီ က သူကိုင်ထားသည့် ဝတ္ထုကို ပိတ်ကာ ရှန်းချင်းချင်း ကို ပြန်ပေးလိုက်သည်။ မရေမတွက်နိုင်သည့် ဂတ္ထုများကို ဖတ်လာသော စာဖတ်သူ တစ်ယောက်အနေနှင့် သူက ဂိမ်း၏ ပင်ကိုစရိုက်ကို လေးစားသောကြောင့် ဂတ္ထုကို အရှုးအမူး စွဲလမ်းမှုမျိုး ဖြစ်အောင် မထောက်ပံ့ပေးခဲ့ပါချေ။

***